ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေး အစိုးရ

လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန

# သတင်းလွှာ

အတွဲ ၁ • အမှတ် ၉ • ၂၀ မတ် ၂၀၂၂

## "ဘုန်းဘုန်းကလည်း ရွာကို မီးမရှို့ဖို့ အနူးအညွတ် တောင်းပန်ပေမယ့် မရပါဘူး"

### စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် နှမစားရစ်ရွာ မီးရှို့ခံရမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ဒေသခံတစ်ဦးအား ဆက်သွယ်မေးမြန်းခြင်း

***မေး*** *ညီမလေး နှမစားရစ်ရွာမှာ နေတာ ဘယ်အချိန်ထဲကပါလဲ။*

**ဖြေ** ကျွန်မမွေးကတည်းက အခု အသက် ၂၅ နှစ်အထိ နေလာခဲ့တာ၊ ကျွန်မရဲ့ ဇာတိရွာပါပဲရှင့်။

***မေး*** *၂၅.၂.၂၀၂၂ ရက်နေ့မှာ နှမစားရစ်ရွာကို မီးရှို့ခံရမှုနဲ့ ပတ်သက်ပြီး ညီမ သိထားတာလေးတွေ ပြောပြပေးနိုင်မလားရှင့်။*

**ဖြေ** အဲ့ဒီနေ့ မနက် ၅နာရီဝန်းကျင်လောက်မှာ စကစအင်အား ၁၀၀ခန့်နဲ့ ပျူစောထီး ၅၀ခ န့်က ရွာမြောက်ပိုင်းချောင်းရိုးတလျှောက်တက်လာပြီး ရွာထဲကို ရွာမြောက်ပေါက်ကနေ လက်နက်ကြီးတွေပစ်ပြီး စဝင်လာတာ။ ရွာဦးဘုန်းကြီးကျောင်းကိုလည်း ဝင်တယ်။ ဘုန်းဘုန်းကလည်း ရွာကို မီးမရှို့ဖို့ အနူးအညွတ် တောင်းပန်ပေမယ့် မရပါဘူး။ ၇ နာရီဝန်းကျင်လောက်မှာ ရွာလယ်ပိုင်းကနေစပြီး မီးရှို့တာ။ မနက်စောစောလည်းဖြစ်တော့ အားလုံး ရုတ်ရုတ်သဲသဲဖြစ်ပြီး ထွက်ပြေးကြတော့ သူတို့က မဲမဲမြင်ရာ အကုန်ပစ်တော့တာ။ တချို့လည်း ထွက်မပြေးနိုင်လို့ ရွာထဲမှာပိတ်မိကျန်နေခဲ့သူတွေလည်း ရှိတယ်။ သူတို့တွေက သေနတ်သံတွေ၊ လက်နက်ကြီးသံတွေ ကြားနေရပြီး လက်နက်ကြီး ထိမှန်ခံရတာတွေ၊ သေတာတွေ။ မီးမရှို့ခင် ရွာအရှေ့ပေါက်ကနေ ကားတွေနဲ့ ဝင်လာပြီး တစ်အိမ်ဝင်တစ်အိမ်ထွက် ရှာဖွေပြီး သူတို့ လိုချင်တာတွေ၊ ပစ္စည်းတွေ ယူပြီးမှ ရှာပြီးတဲ့ အိမ်တွေကို မီးရှို့နေတာကို မျက်စိရှေ့တင် မြင်နေရတယ်လို့ ပြောပါတယ်။

## စစ်အုပ်စုထုတ်ပြန်ချက်နဲ့ ကွဲလွဲနေသည့် ကလေးအကျဉ်းထောင်တွင်း အကြမ်းဖက်သတ်ဖြတ်မှု

ကလေးမြို့ အကျဉ်းထောင်အတွင်း ထောင်တာဝန်ရှိသူများအား ဓားစားခံလုပ်ကာ ထွက်ပြေးရန် လုပ်ဆောင်မှုဖြင့် အကျဉ်းသား ခုနစ်ဦး သေဆုံးမှုတွင် စစ်ကောင်စီဘက်က ထုတ်ပြန်ချက်နှင့် ထွက်ပေါ်လာသည့် မှတ်တမ်းဓာတ်ပုံများ နှိုင်းယှဉ်ချက်များအရ ကွဲလွဲမှုများ ရှိနေပြီး စစ်ကောင်စီဘက်မှ ရည်ရွယ်ချက်ရှိရှိဖြင့် သတ်ဖြတ်ထားကြောင်း တွေ့ရှိရသည်။

မတ်လ ၁၅ ရက်က အချုပ်သား/အကျဉ်းသား ၅၀ ခန့်က လွတ်မြောက်ရန် ကြိုးစားကြသည့်အတွက် ခန္ဓာကိုယ်အောက်ပိုင်း အား ပစ်ခတ်ထိန်းသိမ်းခဲ့ရာ သေဆုံးခြင်းဖြစ်ကြောင်း စစ်ကောင်စီဘက်က ထုတ်ပြန်ထားသော်လည်း သေဆုံးသူများ၏ ဓာတ်ပုံမှတ်တမ်းများအရ လူသေစေနိုင်သည့် ဦးခေါင်းနှင့် ခန္ဓာကိုယ်တို့အား ပစ်ခတ်ထားသည်ကို တွေ့ရှိရသည်။

သေဆုံးသူများမှာ ဗန်ဒိန်း၊ မျိုးမင်းထွန်း၊ ဝင်းကိုနိုင်၊ မောင်ညီ၊ ချမ်းမင်းကို၊ တူးခိုင်၊ ညွန့်ဝင်းအောင် (ခ) မျိုးဝင်းအောင်တို့ ဖြစ်ပြီး မျိုးမင်းထွန်းမှ လွဲ၍ ကျန်ခြောက်ဦးမှာ နိုင်ငံရေးအမှုဖြင့် ထိန်းသိမ်းခံထားရသူများသာ ဖြစ်သည်။ ဖမ်းဆီးခံထားရသူ များမှာ ထောင်အာဏာပိုင်များနှင့် မပြေမလည်ဖြစ်ရာမှာ စစ်တပ်က ဝင်ရောက်ပစ်ခတ်ခဲ့ခြင်း ဖြစ်ပြီး အနည်းဆုံး သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူ ၃၀ နီးပါး ရှိနိုင်ကြောင်း ခန့်မှန်းမှုများ ရှိသည်။

စစ်ကောင်စီဘက်ကမူ သေဆုံးသူ ခုနစ်ဦးနှင့် ဒဏ်ရာရသူ ၁၂ သာ ရှိကြောင်း ထုတ်ပြန်ထားပြီး ပစ်ခတ်ရာ၌ MA-11 သေနတ်ကို သုံးစွဲခဲ့ခြင်းဖြစ်ပြီး အဆိုပါသေနတ်မှာ စစ်ပွဲများတွင် အသုံးပြုသည့် ချေမှုန်းရေးရိုင်ဖယ်အမျိုးအစား ဖြစ်သည်။

စာ ၈ NUG, CRPH နဲ့ NUCC ကို ဥရောပပါလီမန် ထောက်ခံ



***မေး  အိမ်ခြေ ဘယ်လောက်များ မီးလောင်ဆုံးရှုံးသွားခဲ့ပါသလဲ၊ အခြားဘာတွေ ဆုံးရှုံးခဲ့ပါသေးလဲ။***

ဖြေ - အိမ်ခြေ ၄၀၀ကျော် မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၆၀၀ ကျော်၊ လူ ၁၄၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ ထွက်မပြေးနိုင်တဲ့ ကျွဲ နွား၊ ကြက်၊ ဝက် စတဲ့ တိရစ္ဆာန်လေးတွေလည်း မီးထဲပါသွားပါတယ်။ တချို့လည်း ပြန်ရှာမတွေ့တော့ပါဘူး။ တောင်သူရွာဖြစ်တာကြောင့် စပါးတိုက်တွေ၊ စပါးတွေ၊ လယ်ယာသုံးပစ္စည်းတွေဖြစ်တဲ့ ထွန်စက်၊ ခြွေလှေ့စက်၊ ရိတ်စက်တွေ အများကြီး ပါသွားတယ်။ လက်ဗလာနဲ့ ထွက်ပြေးကြရတာကြောင့် ငွေသားတွေလည်း အများကြီးမီးထဲ ပါသွားကြပါတယ်။

***မေး  အဲဒီလို မီးရှို့ခံရတဲ့ အချိန်မှာ လူသေဆုံးမှုတွေ၊ အဖမ်းခံရတာတွေရော ရှိပါသလား။***

**ဖြေ** ဟုတ်ကဲ့ ရှိပါတယ် ရှင့်။ တချို့က ယူချိန်မရလို့ ဘာမှမယူနိုင်ပဲ ပြေးကြရတာ။ ဆိုင်ကယ်နဲ့ ထွက်ပြေးတဲ့ သူတချို့က စကစတွေနဲ့ ထိပ်တိုက်တွေ့ပြီး ဖမ်းမိသွားတော့ ဒူးထောက်ခေါင်းငုံ့ခိုင်းပြီး ဆိုင်ကယ်ထဲက တွေ့သမျှ ဖုန်းတွေ၊ ပိုက်ဆံတွေ၊ အဖိုးတန်ပစ္စည်းတွေ ပါသမျှ အကုန်ယူထားပြီး "နင်တို့ ရွာကို မီး ဘယ်သူရှို့တာလဲ" လို့မေးတယ်။ ရွာသူရွာသားတွေက ကြောက်လို့ ဘာမှပြန်မပြောကြတော့ "နင်တို့ ရွာကို ငါတို့ ရှို့တာမဟုတ်ဘူး၊ PDF တွေ ရှို့တာ" လို့ပြောပြီး "ဘယ်သူရှို့တာလဲ" ထပ်မေးတော့ "PDF တွေ ရှို့တာပါ" လို့ ဖြေခဲ့ရတယ်လို့ ပြန်လွှတ်လာတဲ့ အမျိုးသမီးတစ်ဦးက ပြောပါတယ်။ အမျိုးသမီးနဲ့ ကလေးတွေကို ပြန်လွှတ်ပေးပြီး ယောကျ်ားသားတွေကို ဖမ်းထားပြီး နောက်က သေနတ်နဲ့ချိန် လူသားဒိုင်းလိုမျိုး ရှေ့က သွားခိုင်းတယ်လို့ ပြောပါတယ်။ လက်နက်ကြီးထိလို့ အသက် (၃၀) အရွယ် အမျိုးသမီးတစ်ဦး၊ အသက် (၅၀) အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး၊ မသန်စွမ်းသူ အသက် (၈၀) အရွယ် အဘွားတစ်ဦးနဲ့ အသက် (၅၀) အရွယ် အမျိုးသားတစ်ဦး လက်နက်ကြီးထိမှန်ပြီး ထွက်မပြေးနိုင်တာကြောင့် မီးလောင်ပြီး သေဆုံးခဲ့ရပါတယ်။ အသက် (၉၀) အရွယ် အဘိုးတစ်ဦးလည်း မပြေးနိုင်လို့ မီးလောင်သေဆုံးခဲ့ရတာကြောင့် စုစုပေါင်း (၅) ဦး အသက်ဆုံးရှုံးခဲ့ရပါတယ်။ တချို့ မပြေးနိုင်တဲ့ သက်ကြီးရွယ်အိုတွေကို ရွာဦးကျောင်း ဘုန်းဘုန်းနဲ့ ကိုရင်လေးတွေက မီးလောင်တဲ့ကြားက အသက်စွန့်ပြီး ကယ်ထုတ်ပေးခဲ့လို့ မီးလောင်အသက်သေဆုံးမှု အများကြီး သက်သာသွားခဲ့တာပါ။

***မေး  ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ဘာများ ထပ်ပြောချင်ပါသေးလဲ။***

**ဖြေ** ဟုတ်ကဲ့၊ လူငယ်တစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် ကျွန်မတို့ရွာမှာ ရှေးဘိုးဘွားတွေလက်ထက်ကတည်းက ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းလာခဲ့တဲ့ ရှေးတိုက်တွေ အတော်များများ ပါသွားတယ်။ အဲဒီ အမွေအနှစ်တွေပြန်ရဖို့ဆိုတာ

> *ကျွန်မတို့ရွာကိုယ်စား ကျွန်မတို့ရွာနည်းတူ ဖျက်ဆီးခံရ၊ မီးရှို့ခံရတဲ့ အခြားမြို့ရွာတွေကိုယ်စား အခု ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို အမှန်အတိုင်း နိုင်ငံတကာကို သိစေချင်တယ်။*





ဘယ်လိုမှ မဖြစ်နိုင်တော့သလို ရွာကို နဂိုအတိုင်း ပြန်ဖြစ်ဖို့ဆိုတာလည်း နောက် နှစ် (၅၀) တောင်မှ မရနိုင်ပါဘူး၊ အများကြီးရုန်းကန်ရ တည်ဆောက်ရဦးမှာပါ။ ဒါ အစားထိုးမရတဲ့ ဆုံးရှုံးမှုတွေပါ။ ဒီလောက် စက်ဆုပ်စရာကောင်းတဲ့၊ အကျည်းတန်တဲ့ လုပ်ရပ်တွေအတွက်၊ လူမဆန်မှုတွေအတွက် ကိုယ်ချင်းစာတရားဆိုတာလည်း ပြောစရာမရှိတော့ဘူး၊ နှစ်သိမ့်စရာစကားလည်း မရှိတော့ပါဘူး။ ပြောမပြတတ်လောက်အောင် စိတ်ထိခိုက်ဝမ်းနည်းရတယ်၊ နာကျင်ခံစားရတယ်။ ဒါကြောင့် ကျွန်မတို့ရွာကိုယ်စား ကျွန်မတို့ရွာနည်းတူ ဖျက်ဆီးခံရ၊ မီးရှို့ခံရတဲ့ အခြားမြို့ရွာတွေကိုယ်စား အခု ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို အမှန်အတိုင်း  နိုင်ငံတကာကို သိစေချင်တယ်။ ကျူးလွန်သူတွေကိုလည်း အမြန်ဆုံး ထိထိရောက်ရောက် အရေးယူစေချင်တယ်။ ဒီဆုံးရှုံးမှုတွေအတွက် တရားမျှတမှုကို ပြန်ရစေချင်ပါတယ်။



## စစ်ကိုင်းတိုင်းအတွင်း ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

■ **ရွှေဘိုခရိုင် ခင်ဦးမြို့နယ် သိမ်တော်ကျေးရွာ**ကို မတ်လ ၈ရက် မွန်းလွဲပိုင်းတွင် စစ်တပ် က ဝင်စီးနင်းပြီးနောက် PDF တပ်ဖွဲ့ဝင် ၁၁ ဦးနှင့် ပြည်သူ ၃ ဦးကို ဖမ်းဆီးသတ်ဖြတ်ကာ အလောင်းများကို ပစ်ထားခဲ့သည်။ ကျွန်းလည်ကျေးရွာဒေသခံ ပြည်သူ သုံးဦးအား လူသားဒိုင်းပြုလုပ်၍ သိမ်တော်ရွာအတွင်းသို့ လက်နက်ကြီးအချက်ရေ ၅၀ ကျော် ပစ်ခတ်ပြီးနောက် ရွာတွင်းဝင်ရောက်လာခြင်း ဖြစ်ပြီး ကျေးရွာအနီး၌ မိုင်းဆွဲတိုက်ခိုက်ခံရသဖြင့် စစ်သားတစ်ဦးသေဆုံးကာ ဒဏ်ရာရစစ်သားများ ရှိခဲ့သည်။ အဆိုပါ စစ်ကြောင်းသည် ရွာအတွင်းဝင်ရောက်လာပြီးနောက် လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်လာသည့် ကျွန်းလည်ဒေသခံသုံးဦးအပြင် ဒေသခံကာကွယ်ရေးတပ်ဖွဲ့ဝင် ၁၁ ဦးအား ကျေးရွာအနီးကွင်းပြင်တွင် သတ်ဖြတ်ပြီးနောက် ရုပ်အလောင်းများအား ပစ်ထားခဲ့ကာ ၎င်းတို့မှ သေဆုံးခဲ့သည့် စစ်သားအလောင်းကိုမူ ရွာအတွင်း၌ မီးရှို့သင်္ဂြိုဟ်ခဲ့သည်။ ထိုစစ်ကြောင်းမှာ သက်ပေးကျေးရွာသို့ ထပ်မံဝင်ရောက်စီးနင်းခဲ့သေးပြီး ပြည်သူပိုင်နေအိမ်အချို့အား မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် မတ်လ ၉ ရက်ကလည်း မူးသာကျေးရွာသို့ ဆက်လက်ဝင်ရောက် မွှေနှောက်ဖျက်ဆီးမှုများ ကျူးလွန်ခဲ့သည်။

■ **ယင်းမာပင်ခရိုင်၊ ချင်းပုန်းကျေးရွာ**သို့ ဖေဖော်ဝါရီ ၂၈ ရက်မနက်ပိုင်းတွင် ဝင်ရောက်လာသည့် အကြမ်းဖက်စစ် ကောင်စီတပ်မှာက ဆိုင်ကယ်အစီး ၅၀ ခန့်နှင့် ကားကြီး/ကားသေး ငါးစီးခန့်ကို မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် ၎င်းတို့ ထွက်သွားပြီးနောက် သတ်ဖြတ်ခံထားရသည့် အလောင်း ခုနစ်လောင်းကိုလည်း တွေ့ရှိခဲ့သည်။ သေဆုံးသွားသူများ တွင် ချင်းပုန်းကျေးရွာမှ ဦးအောင်မောင်း၊ ပန်းပထုံးကျေးရွာမှ ကိုထွန်းထွန်းနှင့် ကိုမျိုးညွန့်တို့ကိုသာ အမည်နှင့်တကွ အတည်ပြုနိုင်သေးပြီး PDF ဝတ်စုံ ဝတ်ထားသူတစ်ဦးအပါအဝင် ကျန်ရုပ်အလောင်းများကို အတည်မပြုနိုင်သေးပေ။ ထို့ပြင် စစ်ကောင်စီတပ်များက ကျေးရွာအတွင်း ပစ်ခတ်မှုများ ပြုလုပ်ခဲ့သေးရာ နေအိမ်လေးလုံး မီးရှို့ခံခဲ့ရကာ ချင်းပုန်းကျေးရွာ မူကြိုကျောင်းမှ ကလေးငယ် ၈၀ ကျော်ကိုလည်း လူသားဒိုင်းအဖြစ် ဖမ်းဆီးခဲ့သေးသည်။ စစ်ကောင်စီတပ်များမှာ ချင်းပုန်းရွာအတွင်း လူသတ်၊ မီးရှို့၊ ဖမ်းဆီးမှုများ

ဆက်တိုက်ပြုလုပ်ခဲ့သည့်အပြင် ကျေးရွာ သားအချို့ကိုလည်း ဖမ်းဆီးကာ ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်သွားသေးသည်။ ချင်းပုန်းရွာတွင် ပြီးခဲ့သည့် ဖေဖော် ဝါရီလအတွင်းကလည်း စစ်ကောင်စီတပ်များက ပြည်သူ ၂၀ ကျော်အား အစုလိုက်အပြုံလိုက် သတ်ဖြတ်ထားသေးသည်။

■ **ယင်းမာပင်မြို့နယ်၊ လက်ပံတောကျေးရွာ**သို့ မတ်လ ၈ ရက်တွင် အကြမ်းဖက်စစ်ကောင်စီတပ်များက အင်အား ၁၀၀ ခန့်ဖြင့် လက်နက်ကြီးပစ်ကူများယူကာ ဝင်ရောက်စီးနင်းပြီးနောက် ကျေးရွာဘုန်းကြီးကျောင်း၌ ခိုလှုံနေသည့် စစ်ရှောင်ပြည်သူ ၁၂ ဦးကို အကြမ်းဖက်သတ်ဖြတ်ခဲ့သည်။ အသတ်ခံရသူများတွင် ယင်းမာပင်အခြေစိုက် ပြည်သူ့ကာ ကွယ်ရေးတပ်ဖွဲ့တစ်ခုဖြစ်သည့် Hero Tiger Force အဖွဲ့မှ ရဲဘော်တစ်ဦးနှင့် အမျိုးသမီး၊ သားနှစ်ဦးနှင့် ယောက္ခမ ဖြစ်သူတို့ ပါဝင်ပြီး သတ်ဖြတ်ခံရသူ ၁၁ ဦး၏ ရုပ်အလောင်းများကို စစ်ကောင်စီတပ်များက မီးရှို့ခဲ့ပြီး ကျန်တစ်လောင်းကိုမူ PDF တပ်ဖွဲ့ဝင်များက မီးရှို့သင်္ဂြိုဟ်ပေးခဲ့သည်။ မီးရှို့သတ်ဖြတ်ခံခဲ့ရသူများထဲတွင် အသက် မပြည့်သေးသည့် ကလေးငယ်နှစ်ဦးနှင့် အသက် ၉၀ ကျော် အဖိုးအဖွားများအထိ ပါဝင်သည်။ သေဆုံးသွားသူများမှာ လက်ပံတောရွာခံ ဒေါ်တင်ညွန့် (၉၃ နှစ်)၊ ဦးသန်းမောင် (၈၂ နှစ်)၊ ဒေါ်အေးသောင်း (၆၂) နှစ်၊ ဒေါ်သိန်းလှ (၆၁ နှစ်)၊ မမိုးမိုးဝင်း (၃၁ နှစ်)၊ မောင်စွမ်းထက်နိုင် (၈ နှစ်)၊ မောင်မြတ်ဘုန်းနိုင် (၅ နှစ်)၊ ကန်သာရွာခံ ဒေါ်အုန်းလှိုင် (၈၂ နှစ်)၊ ဒေါ်လှပြည့် (၇၇ နှစ်)၊ ဒေါ်သန်းညွန့် (၇၆ နှစ်)၊ ဒေါ်စိန်တင့် (၇၃ နှစ်) နှင့် ဒေါ်မိတင်တို့ ဖြစ်သည်။ စစ်ကောင်စီတပ်များက လူသားဒိုင်းအဖြစ် အသုံးပြုရန် ဒေသခံ ၁၄ ဦးကိုလည်း ထပ်မံဖမ်းဆီးခေါ်ဆောင်သွားပြီး ဖမ်းဆီးခံရသူများနှင့် အဆက်အသွယ်မရသေးပေ။ စစ်ကောင်စီ ထိုးစစ်များကြောင့် လက်ပံတောနှင့် အနီးအနားရှိ ကျေးရွာပေါင်း ရှစ်ရွာခန့်မှ ပြည်သူ ၂၀၀၀ ကျော်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။

■ **အရာတော်မြို့နယ် ညောင်ပင်ကန်ရွာသား** ကိုသိန်းထွန်းအား မကျီးကန်ရွာ၌ တပ်စွဲထားသည့် စခတ (၁၀) တပ်ရင်းမှ လက်နက်ကိုင်စစ်သားများက ၎င်း၏နေအိမ်၌ ဝင်ရောက်ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် တပ်စွဲထားသည့် နေရာ၌ပင် သတ်ဖြတ်ကာ ချက်ချင်း သင်္ဂြိုဟ် ခိုင်းခဲ့သည်။ စစ်တပ်က ဖမ်းဆီးမည့်စာရင်းထဲတွင် ကိုသိန်းထွန်းနှင့် ညီဖြစ်သူတို့ ပါဝင်ပြီး ညီဖြစ်သူမှာ ကြိုတင်တိမ်းရှောင်နေစဉ် တစုံတရာပြစ်မှုကျူးလွန်ထားခြင်း မရှိဟုဆိုကာ နေအိမ်၌ ဆက်လက်နေထိုင်နေစဉ် မတ်လ ဒုတိယပတ်အတွင်းက ဝင်ရောက်ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ယခုကဲ့သို့ အသတ်ခံခဲ့ရခြင်း ဖြစ်သည်။ ကျေးရွာသို့ ပြန်လည်ယူဆောင်ခွင့်မပေးဘဲ အရာတော်မြို့ပေါ်တွင် သင်္ဂြိုဟ် ခံခဲ့ရသည့် ကိုသိန်းထွန်းမှာ သေဆုံးချိန်၌ ခန္ဓာကိုယ်တစ်ခုလုံးတွင် ရိုက်နှက်ခံထားရသည့် အညိုအမဲစွဲ ဒဏ်ရာများအား တွေ့ရှိခဲ့ရပြီး ရုပ်အလောင်းကိုလည်း ဓာတ်ပုံရိုက်ယူခြင်း မပြုရန် စစ်ကောင်စီတပ်များက တားမြစ်ခဲ့သည်။

■ **ကျွန်းလှမြို့နယ်၊ သဖန်းဆိပ်ဆည် အနောက်ဘက်ရှိ ဝေမူလရွာအား** အကြမ်းဖက်စစ်ကောင်စီတပ်များက MI 35 ရဟတ်ယာဉ်နှစ်စီးဖြင့် မတ်လ ၁ ရက်က တိုက်ခိုက်ပြီးနောက် မတ်လ ၃ ရက် ည ၉ နာရီခန့်တွင် ထောက်ပို့ရဟတ်ယာဉ် သုံးစင်းဖြင့် စစ်သားများအား သယ်ဆောင်ကာ ကျေးရွာအား ဝင်ရောက်စီးနင်းခဲ့သည်။ ထိုသို့ စီးနင်း ချိန်အတွင်း ပြည်သူပိုင် နေအိမ်သုံးလုံး၊ ထွန်စက် နှစ်စီး၊ ကားကြီး သုံးစီးနှင့် အိမ်စီးကား တစ်စီးတို့ကို မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် ကျေးရွာအတွင်းရှိ CDM ကျန်းမာရေးဝန်ထမ်း အမျိုးသမီး သုံးဦး၊ ဒေသခံ အမျိုးသမီးတစ်ဦးအပြင် ရွာသားများဖြစ်သည့် မောင်ကျော်ထက်နှင့် မောင်လွှမ်းဖြိုးတို့အား ဖမ်းဆီးသွားခဲ့သည်။ မတ်လ ၅ ရက်တွင် မောင်ကျော်ထက်နှင့် မောင်လွှမ်းဖြိုးတို့၏ သတ်ဖြတ်ခံထားရသည့် ရုပ်အလောင်းများအား ပြန်လည်တွေ့ရှိခဲ့ သော်လည်း ကျန်ဖမ်းဆီးခံအမျိုးသမီးလေးဦးမှာ ပျောက်ဆုံးလျက် ရှိသည်။

■ **ခင်ဦးမြို့နယ်၊ ဒန်းကုန်းကျေးရွာအား** စစ်ကောင်စီတပ်များက မတ်လ ၅ ရက် မွန်းလွဲပိုင်းတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည့်အတွက် အသက် ၅ နှစ်အရွယ် ကလေးငယ်တစ်ဦး ကျည်ထိမှန်ခဲ့ကာ ရွာလုံးကျွတ်နီးပါးလည်း မီးရှို့ဖျက်ဆီးခံခဲ့ရကာ ရွာခံများလည်း ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

■ **ရွှေဘိုခရိုင်၊ နမစားရစ်ကျေးရွာအား** အကြမ်းဖက်စစ်ကောင်စီတပ်များက ဖေဖော်ဝါရီ ၂၅ ရက်က လက်နက်ကြီးများ ဖြင့် ပစ်ကာ ဝင်ရောက်စီးနင်းခဲ့သည့် ဖြစ်စဉ်တွင် ဒေသခံ မယဉ်စန်းအေးမှာ လက်နက်ကြီးကျည်ထိမှန်၍ ပွဲချင်းပြီး သေဆုံးခဲ့သည့်။ ထို့ပြင် ထွက်ပြေးတိမ်းရှောင်နိုင်ခြင်းမရှိခဲ့သည့် ဦးဘသိန်း၊ ဦးစိုးလွင်ဦးနှင့် ဒေါ်ခင်သန်းတို့ကိုလည်း စစ်ကောင်စီတပ်များက သတ်ဖြတ်မီးရှို့ အလောင်းဖျောက်ခဲ့ကြသည်။ စစ်ကောင်စီတပ်များ မီးရှို့ဖျက်ဆီးမှုကြောင့် အိမ်ခြေ ၅၀၀ ကျော်ရှိသည့် နမစားရစ်ရွာတွင် အိမ်ခြေပေါင်း ၃၇၅ လုံး မီးလောင်ပျက်စီးခဲ့ပြီး စစ်ကောင်စီ အကြမ်းဖက်မှုကို တားဆီးနိုင်ရန် လာရောက်ပေးသည့် ပေါက်ချိုင်ကျေးရွာမှ ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ၁၅ ဦးလည်း အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပြီးနောက် ကျဆုံးသွားခဲ့ရသည်။

■ **တန့်ဆည်မြို့နယ်၊ မြောက်အင်းရွာအနီးရှိ** စစ်ဘေးရှောင်စခန်းအား ကျွန်းလယ်ရွာအခြေစိုက် အကြမ်းဖက်စစ်တပ်နှင့် ပျူစောထီးများက မတ်လ ၆ ရက်တွင် လက်နက်ကြီးများဖြင့် ပစ်ခတ်၍ ဝင်ရောက်စီးနင်းရာ တန့်ဆည် PDF တပ်ပေါင်းစုက ပြန်လည်ခုခံရာမှ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ တစ်နာရီခန့် တိုက်ပွဲဖြစ်ပွားပြီးနောက် PDF တပ်ပေါင်းစု ဘက်မှ အထိအခိုက် မရှိဘဲ ဆုတ်ခွာလာနိုင်သော်လည်း စစ်ဘေးရှောင်ပြည်သူ လေးဦးအား အကြမ်းဖက်စစ်တပ်က ဖမ်းဆီးသွားသည်။

■ **ခင်ဦးမြို့နယ်၊ မုန်တောရွာအား** မတ်လ ၅ ရက် ညပိုင်းတွင် အကြမ်းဖက်စစ်ကောင်စီတပ်များက ဝင်ရောက်စီးနင်းကာ ပြည်သူပိုင်နေအိမ် ၂၅ လုံးအား မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် ရွာခံများဖြစ်သည့် ကိုမျိုးကျော်၊ ကိုသန်းငွေနှင့် ကိုမျိုးတင့်တို့အား သတ်ဖြတ်ကာ အလောင်းများအနီး မိုင်းများ ထောက်ထားခဲ့သည်။

■ **ထီးချိုင့်မြို့နယ်၊ သခွတ်ချောင်ရွာအား** မတ်လ ၆ ရက်တွင် အကြမ်းဖက်စစ်ကောင်စီတပ်များက ဝင်ရောက်စီးနင်းခဲ့ကာ ပြည်သူပိုင်နေအိမ် ၁၃ လုံးအား ဓာတ်ဆီလောင်း မီးရှို့ ဖျက်ဆီးခဲ့သည်။

■ **ရှွေဘိုမြို့နယ်၊ ဆိတ်ခွန်ကျေးရွာ** ရဲစခန်းတွင် တပ်စွဲထားသည့် တပ်စွဲထားသည့် အကြမ်းဖက်စစ်တပ်က မတ်လ ၁၂ ရက် နံနက်ပိုင်းတွင် ၄က်ပျောခြံအလုပ်သမား သုံးဦးအား ဈေးများပါလာသည့်အတွက် PDF ဟု ဆိုကာ စွပ်စွဲဖမ်းဆီးပြီးနောက် ရွာပြင်ထုတ်ကာ အကြမ်းဖက်သတ်ဖြတ်ပြီး အလောင်းများအား ပစ်ထားခဲ့သည်။

■ **ယင်းမာပင်မြို့နယ် သပြေအေးရွာတွင်** တပ်စွဲထားသည့် အကြမ်းဖက်စစ်ကောင်စီတပ်များ ပြန်လည်ထွက်ခွာချိန်တွင် ရွာအတွင်း၌ လက်ပြန်ကြိုးတုပ် မီးရှို့သတ်ဖြတ်ခံထားရသည့် ရုပ်အလောင်းနှစ်ခုအား တွေ့ရှိခဲ့ရပြီး ချင်းပုန်းရွာမှ လူသားဒိုင်းအဖြစ် ဖမ်းဆီးခံထားရသည့် ချင်းပုန်းရွာခံ နှစ်ဦးဖြစ်ကြောင်း စိစစ်တွေ့ရှိခဲ့ရသည်။ အင်အား ၁၀၀ ခန့်ရှိပြီး ချင်းပုန်းနှင့် သပြေအေးရွာခံများအာ သတ်ဖြတ်ကာ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် အဆိုပါစစ်ကောင်စီ စစ်ကြောင်းမှာ မတ်လ ၃ ရက် နံနက်ပိုင်းက ကနီမြို့နယ် မိုးကောင်းကျေးရွာမှ မြောက်ဘက်တောလမ်းအတိုင်း စစ် ကြောင်းထိုးထွက်ခွာသွားရာ လမ်းတစ်လျှောက်ရှိ ပြည်သူပိုင် နေအိမ်၊ တဲများအား ဝင်ရောက်မွှေနှောက် ဖျက်ဆီးခြင်း၊ ထွက်ပြေးတိမ်းရှောင်သူများအား ပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့သည့်အတွက် အသက် ၁၄ နှစ်အရွယ် ကလေးငယ် တစ်ဦး လက်မောင်း၌ ကျည်ထိမှန် ဒဏ်ရာရရှိခဲ့သည်။

■ **မြောင်မြို့နယ်၊ နေပူကုန်းရွာအား** မတ်လ ၄ ရက်တွင် မြင်းခြံမြို့နယ်၊ ဆီမီးခုံ ရေနက်ဆိပ်ကမ်းဘက်မှ ဆင်းလာသည့် အကြမ်းဖက်စစ်ကောင်စီတပ်များက ဝင်ရောက်စီးနင်းကာ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် ဒေသခံများပိုင် နွား၊ ဝက်နှင့် နေအိမ်အတွင်းရှိ တန်ဖိုးရှိပစ္စည်းများကို လုယက်ယူဆောင်သွားကြသည်။

■ **ခင်ဦးမြို့နယ်၊ ရွှေဘို-မြစ်ကြီးနားလမ်းပိုင်းရှိ တမုန်ကျေးရွာအား** မတ်လ ၁၅ ရက်က တမုတ်နှင့် မကျီးတုံကျေးရွာမှ ပျူစောထီးများ၊ အကြမ်းဖက်စစ်ကောင်စီတပ်များက ကားငါးစီးဖြင့် ဝင်ရောက်လာပြီးနောက် ရွာအတွင်းရှိ ပျူစောထီးနေအိမ် ငါးလုံးမှအပ ကျန် ပြည်သူပိုင်နေအိမ် ၉၃ လုံးအား မီးလောင်တိုက်သွင်းခဲ့သည်။ ထို့ပြင် ကားတစ်စီး၊ ဆိုက်ကယ် ခုနစ်စီး၊ ရေတင်စက် ရှစ်လုံး၊ ဓာတ်ဆီအင်ဂျင် သုံးလုံး၊ နွားသုံးကောင်၊ ဆိတ် ငါးကောင်နှင့် ဝက် တစ်ကောင်တို့ကိုလည်း သတ်ဖြတ်မီးရှို့ဖျက်ဆီးခဲ့ကာ ဒေသခံပိုင် ၁၂ ဘီးကားဖြင့် အစားအသောက်နှင့် တန်ဖိုးရှိ ပစ္စည်းများကို သိမ်းယူသွားခဲ့သည်။

■ **တန့်ဆည်မြို့နယ်၊ တန့်ဆည် စိမ်းစားရွာခံ** အသက် ၁၅ နှစ်အရွယ် မသဲအိဖြူနှင့် အသက် ၇၀ အရွယ် အမယ်အို တစ်ဦးတို့အား မတ်လ ၁၂ ရက် နေ့လယ်ပိုင်းတွင် အကြမ်းဖက်စစ်ကောင်စီတပ်များက သတ်ဖြတ်ကာ အလောင်းအား မီးရှို့ဖျက်ဆီးခဲ့သည်။ ယင်းနေ့ နေ့လယ်ပိုင်းတွင် စစ်ကောင်စီတပ်များက ကျေးရွာအတွင်း သေနတ်ပစ်ဖောက် ဝင် ရောက်စီးနင်းစဉ် မသဲအိဖြူမှာ ရင်ဘက်နှင့် ပေါင်တို့၌ ကျည်ထိမှန်ကာ ပွဲချင်းပြီး သေဆုံးခဲ့ခြင်းဖြစ်ပြီး မသန်စွမ်း ဖြစ်သည့် အသက် ၇၀ အရွယ် အမယ်အိုမှာ ထွက်ပြေးတိမ်းရှောင်မှု မပြုနိုင်ဘဲ နေအိမ်၌ ကျန်နေစဉ် စစ်ကောင်စီတပ် များက မီးရှို့သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။ စစ်ကောင်စီတပ်များ ဝင်ရောက်စီးနင်းစဉ် ရွာခံနေအိမ် ငါးလုံးခန့်လည်း မီးရှို့ဖျက်ဆီးခံခဲ့ရပြီး အသက်အရွယ်ကြီးရင့်သူအချို့ ရွာတွင်း ပိတ်မိခဲ့ကာ ရွာခံအများအပြားမှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

■ **ဒီပဲယင်းမြို့နယ် အရှေ့ဘက်ရှိ နများကျေးရွာအား** မတ်လ ၁၄ ရက် နံနက်ပိုင်းက စစ်ကောင်စီတပ်များက တပ်များက စစ်ကြောင်းထိုးလာသည့်အတွက် နများရွာအပါအဝင် သရက်တော၊ ညောင်လှ၊ ဝဲကြီး၊ ကုန်းကြီးနှင့် ယဉ်ကျေးရွာ ပြည်သူများမှာ ရွာကို စွန့်ခွာကာ ဘေးလွတ်ရာသို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

■ **ကနီမြို့နယ်၊ ချောင်းမအရှေ့ရွာနှင့် အနောက်ရွာအား** စစ်ကောင်စီတပ်များက အင်အား ၇၀ ကျော်ဖြင့် မတ်လ ၅ ရက် ည ၁၀ နာရီခန့်တွင် ဝင်ရောက်စီးနင်းပြီးနောက် မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် ရွာလုံးကျွတ် မီးလောင်ပြာကျသွားခဲ့သည်။ မီးရှို့ဖျက်ဆီးခံရမှုကြောင့် ချောင်းမ အရှေ့ရွာမှ ပြည်သူပိုင်အိမ် လေးလုံးနှင့် အနောက်ရွာမှ ၁၃ လုံး၊ နွားတဲကြီး ကိုးလုံး၊ မီးဖိုချောင် ကိုးခု၊ ထွန်စက် သုံးလုံး၊ ဆီစက် သုံးခုအပါအဝင် အနောက်ရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းတို့ မီးလောင်ပြာကျသွားခဲ့သည်။ ထို့ပြင် လုပ်ငန်းသုံး ခိုင်းနွားနှစ်ကောင်ကို သတ်ဖြတ်ခဲ့သည့် အပြင် စုဆောင်းထားသည့် စားနပ်ရိက္ခာနှင့် နွားစာတဲများကိုပါ မီးလောင်တိုက်သွင်းသွားခဲ့သည်။

■ **ဒီပဲယင်းမြို့နယ်၊ မင်းဆွေနှစ်ကျေးရွာမှ** ဒေသခံကာကွယ်ရေး တပ်ဖွဲ့ - PDF တပ်ဖွဲ့ဝင် ရှစ်ဦးကို အကြမ်းဖက်စစ် ကောင်စီတပ်များက မတ်လ ၄ရက် နံနက် ၆နာရီတွင် ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။

## စစ်ကိုင်းတိုင်းထဲက အင်တာနက်ဖြတ်တောက်ခံထားရမှုများ



- ကနီ၊ ပုလဲ၊ ယင်းမာပင်၊ အရာတော်၊ ဝန်းသို၊ ဘုတလင်၊ ပင်လယ်ဘူး၊ ကောလင်း တို့မှာ ယခင်ကတည်းက ယခုအချိန်အထိ အင်တာနက်ဖြတ်တောက်ခံထားရသည်။
- မတ်လ ၁၃ ရက်ညပိုင်းတွင် မြို့နယ်/မြို့ပေါင်း ၂၄ ခု၌ အင်တာနက်များ ထပ်မံဖြတ်တောက်ခံခဲ့ရသည်။ ၎င်းတို့မှာ ချောင်းဦး၊ မြောင်၊ ဆားလင်းကြီး၊ ခင်ဦး၊ ဒီပဲယင်း၊ ဝက်လက်၊ ရေဦး၊ မြင်းမူ၊ ဗန်းမောက်၊ ကသာ၊ ထီးချိုင့်၊ ကန့်ဘလူ၊ တန့်ဆည်၊ မင်းကင်း၊ ကလေးဝ၊ တမူး၊ မော်လိုက်၊ အင်းတော်၊ ဟုမ္မလင်း၊ ကျွန်းလှ၊ ဖောင်းပြင်၊ ခန္တီး၊ လဟယ်၊ ကလေး တို့ ဖြစ်သည်။



# မကွေးတိုင်းအတွင်း ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

■ **ပေါက်မြို့နယ်၊ အင်းငယ်ဒေါင့်ကျေးရွာနေ** အသက် ၄၂ နှစ်အရွယ် မအေးအေးဝင်းအား မတ်လ ၅ ရက် ညနေပိုင်းတွင် အကြမ်းဖက်စစ်ကောင်စီတပ်များက အဓမ္မပြုကျင့် သတ်ဖြတ်ကာ အသက် သုံးနှစ်အရွယ် သမီးငယ်ကိုပါ ဓားဖြင့်ထိုး၍ သတ်ဖြတ်ခဲ့သည်။ ယင်းနေ့ ညနေပိုင်းက ရွာအတွင်းသို့ စစ်ကောင်စီတပ်များက လက်နက်ကြီးများဖြင့် ရမ်းသတ်ပစ်ခတ်ကာ ဝင်ရောက်စီးနင်းပြီးနောက် သမီးငယ်နှင့်အတူ တိမ်းရှောင်ရန် ပြင်ဆင်နေသည့် မအေးအေးဝင်းအား စစ်ကောင်စီတပ်များက ဖမ်းဆီးမိသွားခဲ့ပြီး နေအိမ်ရှေ့တွင်ပင် အဓမ္မပြုကျင့် သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။ ဒေသခံ ပျူစောထီးနှင့် စစ်ကောင်စီတပ်ဖွဲ့ဝင် စုစုပေါင်းအင်အား ၇၀ ကျော်ဖြင့် ရွာအတွင်း ဝင်ရောက်စီးနင်းစဉ် ဒေသခံ PDF များနှင့် တိုက်ပွဲဖြစ်ပွားခဲ့သေးပြီး PDF များဘက်မှ ငါးဦး ကျဆုံးခဲ့ရသည်။ ရွာအတွင်းမှ စစ်ကောင်စီ တပ်များ ပြန်လည်ထွက်ခွာစဉ် မုဒိန်းကျင့်သတ်ဖြတ်ခံရသည့် မအေးအေးဝင်း၏ အသက် ၁၁ နှစ်အရွယ် နောက်ထပ်သမီးငယ် အပါအဝင် ကလေးငယ် ကိုးဦး၊ အမျိုးသမီး ၁၂ ဦးနှင့် အမျိုးသား ရှစ်ဦးကိုလည်း ဖမ်းဆီးသွားသည်။

■ **ဂန့်ဂေါမြို့နယ်တွင်းရှိ ကျေးရွာ ခြောက်ရွာအား** စစ်ကောင်စီတပ်များက အကြိမ်ကြိမ် မီးလောင်တိုက်သွင်းခဲ့သည့်အပြင် ယင်းခြောက်ရွာအနက် နှစ်ရွာမှ ပြည်သူ ၂၂ ဦးကို ရက်စက်စွာ သတ်ဖြတ်ထားသည်။ ဖေဖော်ဝါရီလ ၂၈ ရက်မှ မတ်လ ၂ ရက်အထိ ဂန့်ဂေါမြို့နယ်တွင်းရှိ သင်တော၊ ရွှေဘို၊ ကံတိုး၊ စမ်းမြို့၊ မြင်သာနှင့် ကုန်းကျေးရွာတို့အား စစ်ကောင်စီတပ်များက အကြိမ်ကြိမ် မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကာ ရွှေဘိုနှင့် ကံတိုးကျေးရွာမှ ဒေသခံပြည်သူ ၂၂ ဦးကိုလည်း သတ်ဖြတ်ခဲ့သည်။ အကြိမ်ကြိမ် မီးရှို့ဖျက်ဆီးခံရမှုများကြောင့် သစ်တောမှ အိမ်ခြေ ၂၀၀ ကျော်၊ ရွှေဘိုမှ ၂၀ ကျော်၊ ကံတိုးမှ ၃၀ ကျော်၊ စမ်းမြို့မှ ၂၀ ကျော်နှင့် မြင်သာရွာမှ ပြည်သူပိုင်အိမ်နှစ်လုံး မီးလောင်ပျက်စီးခဲ့ရသည်။

■ **ပခုက္ကူမြို့၊ ပေါက်လမ်းနှင့် မြို့ရှောင်လမ်းဆုံ၊ လယ်ယာရွာအနီး** ပေါက်လမ်းမတွင် မတ်လ ၄ ရက် မွန်းလွဲပိုင်းက ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသားနှင့် အမျိုးသမီးတို့အား စစ်ဆေးရေးလုပ်ဆောင်နေသည့် အကြမ်းဖက်စစ်တပ်က ပစ်ခတ်သဖြင့် အမျိုးသမီးမှာ ခြေထောက်၌ ကျည်ထိမှန် ဒဏ်ရာရရှိခဲ့သည်။ ပခုက္ကူမြို့ပေါ်တွင်ပင် အခြားလူငယ်နှစ်ဦးကိုလည်း စစ်အုပ်စုလက်အောက်ခံ တပ်ဖွဲ့များက ဖမ်းဆီးခဲ့သည့်အပြင် ပခုက္ကူမြို့၊ (၁) လမ်း၊ အမှတ် (၁၅) အိမ်အား အကြမ်းဖက်စီးနင်းပြီးနောက် ပြည်သူတစ်ဦးကို ထပ်မံဖမ်းဆီးသွားသည်။

■ **ရေစကြိုမြို့နယ်၊ သဲတောရွာအား** အကြမ်းဖက်စစ်ကောင်စီတပ်များက မတ်လ ၁၄ ရက် နံနက် ၉ နာရီခန့်တွင် ဝင်ရောက်စီးနင်းခဲ့ပြီးနောက် တိမ်းရှောင်ခြင်း မပြုလုပ်နိုင်သည့် သက်ကြီးရွယ်အိုများအား မီးရှို့သတ်ဖြတ် အလောင်း ဖျောက်ခဲ့ကြသည်။ အဆိုပါ စစ်ကြောင်းမှာ သဲတောအပြင် အနီးအနားရှိ ကျေးရွာများသို့လည်း ဝင်ရောက်စီးနင်း ဖမ်းဆီးမှုများ ဆက်တိုက်လုပ်နေသည့်အတွက် ဒေသခံများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။




*အမျိုးသမီးများအား ကာယိန္ဒြေ ပျက်စီးခြင်း၊*
*အရှက်ခွဲခြင်း၊ ယုတ်ညံ့စေခြင်း၊*
*လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊*
*အကြမ်းဖက်ခြင်း မပြုရ။*



# ရန်ကုန်တိုင်းအတွင်း ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

■ **တိုက်ကြီးမြို့နယ်၊ ဇောဓိကုန်းရပ်ကွက်တွင်** ငါးအိမ်စုကျေးရွာသို့ ပြန်လာသည့် PDF လူငယ်နှစ်ဦးကို မတ်လ ၁ ရက်တွင် စစ်ကောင်စီတပ်များက ပစ်ခတ်ဖမ်းဆီးခဲ့ရာ တစ်ဦးပွဲချင်းပြီး သေဆုံးပြီး ခြေထောက်ကျည်ထိမှန်၍ ဖမ်းဆီးခံရသည့် အခြားလူငယ်တစ်ဦးမှာလည်း စစ်ကြောရေး၌ နှိပ်စက်သတ်ဖြတ်ခံခဲ့ရသည်။

■ **ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်၊** ဗထူးလမ်းမပေါ်ရှိ ဇော်ကြီးကားဝပ်ရှော့အနီးတွင် မတ်လ ၃ ရက် ည ၁၀ နာရီခန့်က လူငယ်အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး မောင်းနှင်လိုက်ပါလာသည့် ကာအား အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ များက ကားဖြင့် ဝင်တိုက်ကာ သေနတ်ပစ်ဖောက်၍ ကားပေါ်ပါသူအားလုံးအား ရိုက်နှက် ဖမ်းဆီးသွားသည်။

■ **ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၄) ရပ်ကွက်၊** ကျောက်စိမ်းလမ်းရှိ နေအိမ်တစ်လုံးအား အကြမ်းဖက်စစ်ကောင်စီ တပ်ဖွဲ့ဝင်များက မတ်လ ၃ ရက် ည ၁၁ နာရီခန့်တွင် အင်အားသုံး ဝင်ရောက်စီးနင်းပြီးနောက် သားအဖ နှစ်ဦးကို အကြောင်းမဲ့ ရိုက်နှက်ဖမ်းဆီးသွားသည်။

■ **ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားအနီး နေထိုင်သူ** ကိုစိုးရာဇနှင့် မိသားစုဝင် ခုနစ်ဦးကို မတ်လ ၁၃ ရက် နေ့လယ်ပိုင်းတွင် အကြမ်းဖက်ကောင်စီတပ်ဖွဲ့ဝင်များက PDF များဟု စွပ်စွဲကာ ပစ်ခတ်ဖမ်းဆီးပြီးနောက် နေအိမ်မှ အဖိုးတန် ရွှေ ငွေနှင့် တန်ဖိုးရှိပစ္စည်းများကို သိမ်းဆည်းယူဆောင်သွားသည်။ စစ်ကောင်စီလက်နက်ကိုင်များက စစ်ကားခုနစ်စီးဖြင့် ပစ်ခတ်ဖမ်းဆီးစဉ် ကိုစိုးရာဇာမှာ ခြေထောက် ကျည်ထိမှန်ခဲ့ပြီး မိသားစုဝင်များပါ ဖမ်းဆီးခံရ ခြင်း ဖြစ်သည်။ ဖမ်းဆီးခံရသည့် မိသားစုဝင်များမှာ မဝင်းဝင်းလတ်၊ မသင်းသင်းရှိန်၊ မောင်နိုင်မိုးအောင်၊ မအိသဇင်မိုး၊ မမေမြတ်နိုးအောင်၊ မယမင်းပပ၊ ဒေါ်စုစုတို့ ဖြစ်ကာ ကျည်ထိမှန်ထားသည့် မောင်စိုးရာဇာ၏ အသက်အန္တရာယ် လုံခြုံမှုမှာ အထူးစိုးရိမ်ရသည်။

■ **သာကေတမြို့နယ် ၃/ရန်ပြေရပ်ကွက်၊** ရန်ပြေ (၁၁) လမ်း၊ အမှတ် (၁၅/B) မြေညီထပ်အား မတ်လ ၁၁ ရက် ညပိုင်းတွင် အကြမ်းဖက်စစ်ကောင်စီတပ်များက ဝင်ရောက်စီးနင်းပြီးနောက် အိမ်ငှားအဖြစ် နေထိုင်သူ လူငယ် ငါးဦးကို ရိုက်နှက်ဖမ်းဆီးသွားခဲ့ပြီး အသက် ၃၂ နှစ်အရွယ် မောင်ဝသဿန်မှာ စစ်ကြောရေး၌ နှိပ်စက်သတ်ဖြတ်ခံခဲ့ရသည်။ ကျန် လူငယ်လေးဦးမှာ မတ်လ ၁၃ ရက် နံနက်ပိုင်းတွင် မျက်နှာနှင့် ခန္ဓာကိုယ်အနှံ့အပြား၌ ရိုက်နှက်စစ်ဆေးခံထားရသည့် ဒဏ်ရာများဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။

■ **ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၁၆၈) ရပ်ကွက်၌** အသက် ၂၅ နှစ်အရွယ် မောင်ငြိမ်းချမ်းမှာ မတ်လ ၁၄ ရက် ည ၁၁ ခန့်တွင် စစ်ကောင်စီခန့် ရာအိမ်မှူး ထွန်းနိုင်နှင့် အဖွဲ့က ဝိုင်းဝန်းရိုက်နှက်သည့်အတွက် ဦးခေါင်းကြေမွကာ သေဆုံးသွားခဲ့ရ သည်။ ယင်းညပိုင်းက မောင်ငြိမ်းချမ်းနှင့် ရာအိမ်မှူး ထွန်းနိုင်တို့ စကားများကာ ထွန်းနိုင်မှ စစ်တပ်ခေါ်၍ ဖမ်းဆီး နှိပ်စက်မည်ဟု ခြိမ်းခြောက်ရာမှ ထိုးကြိတ်မှု ဖြစ်ပွားပြီး ရာအိမ်မှူးထွန်းနိုင် ဓားဒဏ်ရာရရှိခဲ့ပြီး ထွန်းနိုင်နှင့် အတူ ပါလာသည့် အဖွဲ့များက မောင်ငြိမ်းချမ်းအား ရပ်ကွက်ရုံးသို့ ခေါ်ယူပြီးနောက် ရိုက်နှက်သတ်ဖြတ်ခဲ့ကြခြင်း ဖြစ်သည်။



# မန္တလေးတိုင်းအတွင်း ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

■ **မန္တလေးမြို့၊ ကျုံးမြောက်ဘက်ခြမ်းတွင်** ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသားတစ်ဦးအပါအဝင် လူငယ်သုံးဦးကို အကြမ်းဖက်စစ်တပ်က အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ အမျိုးသမီးမှာ ပွဲချင်းပြီး သေဆုံးခဲ့ပြီး ကျန်လူငယ်နှစ်ဦးမှာလည်း ကျည်ထိမှန်ဒဏ်ရာများဖြင့် အသက်အန္တရာယ် စိုးရိမ်ရလျက် ရှိသည်။

■ **မြင်းခြံမြို့နယ်** NLD အလုပ်အမှုဆောင်ဟောင်း ဦးမိုးဟိန်းနှင့် ဇနီးဖြစ်သူ မြို့နယ် NLD အလုပ်အမှုဆောင် ဒေါ်ခင်စုစုလှိုင်တို့အား လက်နက်ကိုင် ပျူစောထီးအဖွဲ့များက နေအိမ်အတွင်းသို့ စီးနင်းဝင်ရောက် သတ်ဖြတ်သွားခဲ့သည်။ အဆိုပါ သတ်ဖြတ်ခံရသူများ၏ အိမ်မှာ မြင်းခြံ ခရိုင်ရဲစခန်းနှင့် ခလရ (၁၅) တပ်အကြား တည်ရှိသည်။

## မန္တလေးတိုင်းအတွင်း ဆက်တိုက်ဖြစ်ပွားနေသည့် အလောင်းစွန့်ပစ်ထားမှုများ

- တောင်သာမြို့နယ်တွင် မတ်လ ၁၂ ရက် နံနက်ပိုင်းတွင် အကြမ်းဖက်စစ်တပ်က ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ထားသည့် ရုပ်အလောင်း ရှစ်လောင်းအား စစ်တပ်နှင့် ပျူစောထီးများက ကျေးရွာများအနီး စွန့်ပစ်ထားခဲ့သည်။ မတ်လ ၁၂ ရက် နံနက်ပိုင်းက တောင်သာမြို့ နန်းမြင့်နှင့် ဘုရားလှရွာကြားတွင် တစ်လောင်း၊ ဘုရားလှနှင့် ဖတ်တောရွာကြားတွင် လေးလောင်း၊ ဖတ်တောရထားဘူတာတောင်ဘက် သံလမ်းကူးတောင်ဖက်အနီးတွင် တစ်လောင်းတို့အား စွန့်ပစ်ထားခြင်း ဖြစ်သည်။ စွန့်ပစ်ထားခံရသည့် အလောင်းများတွင် ပြင်းထန်စွာ ညှင်းပန်းနှိပ်စက် သတ်ဖြတ်ခံထားရ သည့် လက္ခဏာများ တွေ့ရှိရသည့်အပြင် ဖတ်တောဘူတာတောင်ဘက်အနီးတွင် စွန့်ပစ်ထားသည့် ရုပ်အလောင်း၌ ကျည်ဖောက်ရာ ငါးချက် တွေ့ရှိခဲ့ရသည်။
- မတ်လ ၁၃ ရက်က နွားထိုးကြီးမြို့နယ်၊ သာယကုန်းရွာ မြင်းခြံ-နွားထိုးကြီးလမ်းပိုင်းတွင် အကြမ်းဖက်စစ်ကောင်စီ က လာရောက်စွန့်ပစ်ထားသည့် အလောင်းနှစ်ခု တွေ့ရှိခဲ့ပြီး ယင်းအနက် တစ်လောင်းမှာ ဇန်နဝါရီလ ၁၈ ရက်က စစ်တပ်က မြင်းမူမြို့တွင် ဖမ်းဆီးသွားသည့် Zero ပြောက်ကျားတပ်ဖွဲ့ဝင် ကိုသီဟကိုကို ဖြစ်သည်။
- မြင်းခြံနှင့် တောင်သာမြို့နယ် အစပ်ရှိ နန်းမြင့်နှင့် ဘုရားလှရွာကြားတွင် မတ်လ ၁၁ ရက် ညပိုင်းက နှိပ်စက်သတ်ဖြတ်ခံထားရသည့် အလောင်းခြောက်ခုအား စစ်ကောင်စီတပ်များက လာရောက်စွန့်ပစ်သွားသည်။ စွန့်ပစ်ခံ ထားသည့် ရုပ်အလောင်းများမှာ မည်သူမည်ဝါဖြစ်သည်ကို အတည်မပြုနိုင်သေးဘဲ အလောင်းများအား တောင်သာ ဆေးရုံမှ လူနာတင်ကားဖြင့် လာရောက်သယ်ဆောင်သွားသည်။

# NUG, CRPH နဲ့ NUCC ကို ဥရောပပါလီမန် ထောက်ခံ

အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တို့ကို မြန်မာပြည်သူများ၏ ဒီမိုကရေစီ လိုလားချက်များအား အကောင်အထည်ဖော်ရန် အလို့ငှာ ကိုယ်စားပြုဖြစ်တည်လာသည့် တရားဝင် ကိုယ်စားလှယ်များအဖြစ် အသိအမှတ်ပြုဖို့ ထောက်ခံကြောင်း မတ်လ ၁၀ ရက်က ထုတ်ပြန်သည့် ဥရောပါလီမန်၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်များထဲ၌ ထည့်သွင်းဖော်ပြထားသည်။

ယင်းထုတ်ပြန်ချက်နှင့် ပတ်သက်၍ "ဥရောပလွှတ်တော်ရဲ့ ထုတ်ပြန်ချက်ထဲမှာ NUCCကို အသိအမှတ်ပြုဖို့အတွက် ထောက်ခံလာတာ ထူးခြားချက်ပါဘဲ။ မြန်မာနိုင်ငံအပေါ် အီးယူရဲ့ အရေးယူဆောင်ရွက်ချက်တွေ အားကောင်းဖို့ အစဉ်တစိုက်ကြိုးပမ်းနေတဲ့ ဥရောပလွှတ်တော်အမတ်များကို ကျေးဇူးတင်ပါတယ်" ဟု NUG အစိုးရ၏ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးက ပြောသည်။

ဥရောပပါလီမန်၏ မြန်မာ့အရေး ထုတ်ပြန်ချက်ထဲတွင် စစ်ကောင်စီ၏ အကြမ်းဖက်မှု၊ ရက်စက် ကြမ်းကြုတ်မှုများအား ပြင်းထန်စွာ ထပ်မံရှုတ်ချထားကာ ၂၀၂၀ ရွေးကောက်ပွဲရလဒ်များ လေးစားရန်၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးရန်နှင့် အရပ်သားအစိုးရ ပေါ်ထွန်းအောင် လုပ်ဆောင်ရန် တောင်းဆိုထားသည်။

ထို့ပြင် ရိုဟင်ဂျာနှင့် ခရစ်ယာန်အပါအဝင် လူမျိုးစုများနှင့် ဘာသာရေးအုပ်စုတွေ အပေါ် အကြမ်းဖက်စစ်ကောင်စီက ကျူးလွန်သည့် ရာဇဝတ်မှုများအား အဓိကအထောက်အထားများအဖြစ် အခြေပြုဖော်ပြထားကာ အရေးယူပိတ်ဆို့မှုများထဲ၌ ဗဟိုဘဏ်နှင့် အခြားလုပ်ငန်းများကို ထည့်သွင်းရန် တောင်းဆိုထားသည်။

## QUOTE OF THE WEEK

*"စစ်အာဏာရှင်စနစ်ကို ဖယ်ရှားနိုင်ယုံနဲ့ ဒီလိုဘက်လိုက်တဲ့ အစဥ်အလာတွေ အစွဲတွေ မပယ်ဖျက်နိုင်သမျှကာလပတ်လုံး အမျိုးသမီးများက တန်းတူညီမျှမှု ရရှိမှာ မဟုတ်ပါဘူး ၊ ဒါကြောင့်မို့လို့ စစ်အာဏာရှင်ကိုလည်း တွန်းလှန်ဖို့ လိုအပ်သလို ၊ အမျိုးသမီးများက လူသားများဖြစ်ပေမယ့် သူတို့အပေါ်မှာ အကြမ်းဖက်မှုတွေဖြစ်အောင် တွန်းအားတွေပေးနေတဲ့ ၊ ဘောင်တွေခတ်ပြီးချုပ်နှောင်ထားတဲ့ ဘက်လိုက်မှုတွေ ပုံစံခွက်တွေကိုလည်း ကျွန်တော်တို့အားလုံး ပြောင်းလဲပစ်ဖို့ လိုအပ်ပါတယ် ။ နွေဦးတော်လှန်ရေးနဲ့အတူ ပေါ်ပေါက်လာတဲ့ အမျိုးသမီးများရဲ့ ပါဝင်မှုတွေဟာ စစ်အာဏာရှင်တစ်ခုထဲသာမကပဲနဲ့  အမျိုးသမီးများအပေါ် ခွဲခြားမှု ၊အကြမ်းဖက်မှု ၊ ဖိနှိပ်မှုတွေကို အားပေးနေတဲ့ ဘက်လိုက်မှုမှန်သမျှ အားလုံးကို ဆက်လက်ပြီးတော့ တွန်းလှန်သွားဖို့ လိုအပ်ပါတယ် ။ အမျိုးသမီးများရဲ့တိုက်ပွဲကို အမျိုးသမီးများတင်မကပဲနဲ့ အမျိုးသားများနဲ့ လူသားတိုင်း မှန်သမျှ လက်တွဲပါဝင်ဖို့လဲလိုအပ်ပါတယ်။"*



**ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး)**
လူ့အခွင့်အရေးဝန်ကြီးဌာန၊  အမျိုးသားညီညွတ်ရေးအစိုးရ

*အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့တွင် တစ်ကမ္ဘာလုံးရှိ လူ့အခွင့်အရေး၊ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးအတွက် အတူတကွ တိုက်ပွဲဝင်နေကြသည့် အမျိုးသမီးများနှင့်အတူ မြန်မာ့နွေဦးတော်လှန်ရေးမှာ စစ်အာဏာရှင်စနစ်ကို ရဲရဲတောက် ဆန့်ကျင်နေကြသော အမျိုးသမီးများအား ဂုဏ်ပြုစကား*

---

# နိုင်ငံတကာက အရေးယူရန် လိုအပ်သည့် စစ်အုပ်စု၏ ဆိုးရွားသော ရာဇဝတ်မှုများအားအတွက် တရားမျှတမှုရရှိရေး သတင်းစာရှင်းလင်းပွဲ

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနသည် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းထားသည့် နိုင်ငံတကာက အရေးယူရန် လိုအပ်သော စစ်ကောင်စီ၏ ဆိုးရွားသော ရာဇဝတ်မှုများ အစီရင်ခံစာနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနက ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (၄၉) ကြိမ်မြောက်အစည်းအဝေးသို့ တင်သွင်းထားသည့် နိုင်ငံတကာက အရေးယူရန် လိုအပ်သည့် စစ်ကောင်စီ၏ ဆိုးရွားသော ရာဇဝတ်မှုများ အစီရင်ခံစာနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက ရှင်းလင်းပြီး၊ အစီရင်ခံစာတွင် ပါဝင်သည့် တိုက်တွန်းတောင်းဆိုချက်များကို ဒုတိယဝန်ကြီး ခွန်းဗဟန်းထန်က တင်ပြခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့မှ ဒေသခံလေးဦးက ၎င်းတို့၏ ဒေသများတွင် ဆိုးရွားသည့် ရာဇဝတ်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း မီဒီယာများထံ တင်ပြခဲ့ကြသည်။

အဆိုပါနေ့တွင်ပင် ထုတ်ပြန်သည့် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် တောင်းဆိုချက်များကို ထည့်သွင်းဖော်ပြထားပါသည်။ ထိုတောင်းဆိုချက်များတွင် မြန်မာနိုင်ငံတွင်း နိုင်ငံတကာ ဥပဒေချိုးဖောက်မှုများအတွက် အရေးယူနိုင်ရန် ယာယီခုံရုံးတစ်ခု ဖွဲ့စည်းပေးနိုင်မည့်အလားအလာကို သုံးသပ်ဖော်ထုတ်ရန်နှင့် လုံခြုံရေးကောင်စီက မြန်မာ့အရေးကို နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးရန် စသည့်အချက်များ ပါဝင်သည်။